# သင်၏ အိမ်နှင့် ကားကို ဆေးလိပ်ငွေ့/အီး-စီးကရက်အနံ့ ကင်းစင်အောင် ပြုလုပ်ခြင်း


## သင်၏အစီအစဉ်ကို ပြောပြပါ

ဆေးလိပ်ငွေ့/အီး-စီးကရက်အနံ့ ကင်းစင်သည့် အိမ်နှင့်ကားကို ဖန်တီးရန် သင်တို့ မည်သို့အတူတကွ လုပ်ဆောင်မည်ကို မိသားစုအစည်းအဝေးလုပ်၍ ပြောဆိုဆွေးနွေးပါ။

ဆေးလိပ်ငွေ့/အီး-စီးကရက်အနံ့ကင်းစင်သည့် အိမ်နှင့်ကား ဖြစ်စေလိုသည့် သင့်မိသားစု၏ အကြောင်းရင်းများကို စာရင်းလုပ်ပါ။ ဤကိစ္စသည် ဆေးလိပ်/အီး-စီးကရက်သောက်သည့် မိသားစုဝင်များ အတွက် ပိုမိုခက်ခဲစေနိုင်သော်လည်း နားထောင်ပြီး အားပေးပါ။

## သင့်ကားထဲတွင်

- ကားမှန်ပြတင်းပေါက်ပေါ်တွင် ဆေးလိပ်ငွေ့/အီး-စီးကရက်အနံ့ ကင်းစင်ရေးသင်္ကေတကို ကပ်ထားပါ။ သင့်ကားထဲတွင် ဆေးလိပ်/အီး-စီးကရက်သောက်ခြင်းကို ခွင့်မပြုကြောင်း လူတိုင်းကို အသိပေးပါ။
- သင့်ကားကို သေချာ သန့်ရှင်းရေးလုပ်ပါ။ ဆေးလိပ်/အီး-စီးကရက်သောက်ထားသည့် ခြေရာလက်ရာအားလုံးကို ဖယ်ရှားရန် လွန်စွာခက်ခဲသော်လည်း သင်လုပ်နိုင်သမျှသည် အထောက်အကူဖြစ်လိမ့်မည်။
- သင့်ကားထဲရှိ ဆေးလိပ်ပြာခွက်ကို ဖြုတ်ပစ်ပါ။ ဖြုတ်၍မရပါက သန့်ရှင်းရေးလုပ်ပြီး ငွေအကြွေများ သို့မဟုတ် သကြားမပါသော ပီကေများ ထည့်ထားပါ။



## သင့်အိမ်ထဲတွင်

- သင်၏အိမ်တွင် ဧည့်သည်များအပါအဝင် အိမ်ရှိလူတိုင်းသည် ဆေးလိပ်/အီး-စီးကရက် သောက်မည်ဆိုပါက အပြင်ထွက်သောက်ရမည် ဖြစ်ကြောင်း သိကြပါစေ။
- “ဆေးလိပ်/အီး-စီးကရက်သောက်သုံးခြင်းကို ခွင့်မပြု” ကြောင်း ဆိုင်းဘုတ်အား သင်၏ အိမ်ရှေ့တံခါးဝပေါ်တွင် ကပ်ထားပါ။ အိမ်ထဲတွင် ဆေးလိပ်သောက်ခွင့် မပြုကြောင်း အခြားသူများသိစေရန် ဆေးလိပ်ငွေ့/အီး-စီးကရက် ကင်းစင်ရေးအမှတ်အသားကို သင့် ရေခဲသေတ္တာပေါ်တွင် ကပ်ထားပါ။
- ဆေးလိပ်ပြာခွက်အားလုံးကို ဖယ်ရှားပါ။
- ကလေးထိန်းများ သို့မဟုတ် ကလေးကို စောင့်ရှောက်ပေးသူများသည် ကလေးများအနီးတွင် ဆေးလိပ်/အီး-စီးကရက် မသောက်ကြောင်း သေချာပါစေ။

McMillen Health က ရေးသားပြုစုထားသည်